စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၀/၂၀၂၀

## ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- လမ်းပန်းဆက်သွယ်ရေးနှင့်ဈေးကွက်အခက်အခဲကြောင့်မကွေးတိုင်းတွင်ကွမ်းရွက်များလွှင့်ပစ်နေရသည်အထိဖြစ်နေ
- ငဖဲမြို့နယ် ပင်ဦးကျေးရွာ၌ တွန်ဂလာ ၆၉၂ ရေတ်မျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း
- ကိုဗစ်ကာလမှာ ရှောက်ချိုသီး ရောင်းဝယ်မှု အဆင်ပြေလျက်ရှိ

### နိုင်ငံတကာဈေးကွက်

- ယခုတစ်ပတ် အာရှဆန်ဝယ်လိုအားပျော့နေပြီး ဘင်္ဂလားဒေ့ရှ်၌ အရန်ဆန်ဖြည့်တင်းရေး အခက်ကြုံနေ
- အိန္ဒိယက ကြက်သွန်တင်ပို့မှု ပိတ်ပင်ပြီးနောက် ဘင်္ဂလားဒေ့ရှ်ကြက်သွန်ဈေး ခုန်တက်လာ
- တရုတ်၌ တိုင်ဖွန်းမုန်တိုင်းကြောင့် ပြောင်းခင်းများ ယိုင်လဲခဲ့သဖြင့် ပြောင်းအထွက်ကျဆင်းမည်
- အိန္ဒိယကြက်သွန်ဈေး ဘာကြောင့် မြင့်တက်လာရသလဲ
- ရှင်းကျန်းဒေသမှသွင်းကုန်များကို အမေရိကန်တားမြစ်မှု တရုတ်အပြစ်တင်ရှုတ်ချ
- မရေရာ မသေချာ မှုများနဲ့ကမ္ဘာ့ရေနံဝယ်လိုအား

### ပြည်တွင်းကုန်သွယ်မှုသတင်း

- အရေးကြီးကုန်စည်များမှအပ ကျန်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှုရပ်တန့်နေသည့်အတွက် မြဝတီနယ်စပ်၌ ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းအထိ ကျဆင်း
- ခရီးသွားလုပ်ငန်းများ လာမည့်နှစ်မှ ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်း

### ပြည်ပကုန်သွယ်မှုသတင်း

- ကြက်သွန်ဖြူများပြည်ပဈေးကွက်သို့ပိုမိုတင်ပို့နိုင်ရန်နှင့် ဈေးကောင်းပိုမိုရရှိစေရန် ကြက်သွန်ဖြူဆိုင်ရာစံချိန်စံညွှန်းမူကြမ်းကို နိုင်ငံတကာစံနှုန်းအတိုင်း ရေးဆွဲမည်
- ရာသီဥတုကြောင့် အထွက်နှုန်းကျမည့်အပြင် ကိုဗစ်-၁၉ ကြောင့် ဈေးကျနေသဖြင့် ငဖဲမြို့နယ်ရှိ ဝဥစိုက်ပျိုးသူများအခက်ကြုံ
- တရုတ်စီးပွားရေးလုပ်ငန်းရှင်များက အဆင့်မြင့် မြန်မာစားသောက်ကုန်များ ဝယ်ယူတင်သွင်းလို
- Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီစေ့များ ပြင်သစ်နိုင်ငံသို့ တင်ပို့

### အထူးဆောင်းပါးများ

- တရုတ်ကုမ္ပဏီများ မျက်စိကျလာသည့် ထားဝယ်အထူးစီးပွားရေးဇုန်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

# ပြည်တွင်းဈေးကွက်

## လမ်းပန်းဆက်သွယ်ရေးနှင့်ဈေးကွက်အခက်အခဲကြောင့် မကွေးတိုင်းတွင်ကွမ်းရွက်များလွှင့်ပစ်နေရသည့်အထိဖြစ်နေ

ကိုဗစ်-၁၉ ဂယက်ကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်ခြင်း၊ ကွမ်းရွက်ဈေးမကောင်းခြင်း၊ အရောင်းအဝယ်မဖြစ်ခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီးရှိ ကွမ်းစိုက်တောင်သူများ အဆင်မပြေဖြစ်နေပြီး အချို့မှာကွမ်းရွက်များမရောင်းရသည့်အတွက် လွှင့်ပစ်ရသည့်အထိဖြစ်နေကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီးတွင် ရေစကြို၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူနှင့်ဆိပ်ဖြူမြို့နယ်ရှိ ကန်တွင်း၊ လိပ်ခြံ၊ သဖန်းတွင်း၊ ရွာသာအေး၊ မကျီးကုန်း၊ စမ်းချောင်း၊ အုန်းခြံ၊ ပေကုန်း၊ တပ်စု၊ ထန်းချောင်း၊ မကျီးကုန်း၊ ရွာသာအေး ကျေးရွာများတွင် ကွမ်းကိုစိုက်ပျိုးကြသည်။ "ကျွန်တော်တို့ဒေသမှာ ကွမ်းက စိုက်ရတာလည်း ရေတွင်းတူးပြီး စက်နဲ့ရေတင်စိုက်ရတယ်။ ကွမ်းဈေးကမကောင်းဘူး။ ဈေးမကောင်းတော့ တောင်သူတွေ ကွမ်းကိုရတဲ့ဈေးနဲ့ အရောက်ပို့ပြီးရောင်းနေရတယ်။ ကိုဗစ်ရောဂါကြီးကြောင့် လမ်းပန်းဆက်သွယ်ရေးအရ ရောင်းလို့မရတော့ ကွမ်းစိုက်တောင်သူတွေတော်တော်အခက်အခဲဖြစ်နေတယ်။ တချို့ဆိုရင်ကွမ်းရွက်ကိုကိုက်ပြီး (ကတ်ကြေးနဲ့ညှပ်ပြီး) လွှင့်ပစ်ရတယ်။ ဒီနှစ်ကတော်တော်ကိုဆိုးတယ်"ဟု တောင်သူဦးတင်ထွန်းကပြောသည်၊ ယခင်နှစ်များက ကွမ်းဈေးကောင်း၍ ကုန်သည်များက ကွမ်းခြံအထိလာရောက်ဝယ်ယူကြသဖြင့် ကွမ်းစိုက်တောင်သူများအဆင်ပြေကြသည်။ ကွမ်းစိုက်ပျိုးရာတွင်အပင်အရေအတွက်အပေါ်မူတည်၍ ကုန်ကျစရိတ်များပြီး တစ်ပတ်တစ်ခါကွမ်းရွက်ခူးရသော်လည်း ယခုနှစ်တွင် ကွမ်းရွက်ကိုဝယ်ယူမှု နည်းပါးနေခြင်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့်ကွမ်းရွက်များမှာပထမစတင်စိုက်ပျိုးသည့် တစ်နှစ်တာ၊ နှစ်နှစ်တာကာလအထိသာအရည်အသွေးရှိနေကြောင်း၊ နောက်ပိုင်းကာလများတွင် စိုက်ပျိုးမှုနည်းပညာ လိုအပ်ချက်ရှိခြင်းကြောင့် ကွမ်းရွက်များစပ်ခြင်း၊ယာသည့်အခါ အဆင်မပြေခြင်း၊ ကွမ်းနုဝါ အဆင့်မီရန် လိုအပ်ချက်ရှိခြင်းကြောင့် စားသုံးသူများအသုံးနည်း၍ အရောင်းအဝယ်နည်းပါးခြင်းလည်းဖြစ်ကြောင်းကွမ်း၊ ကွမ်းသီးအရောင်းဆိုင်များထံမှသိရသည်။ မကွေးမြို့ရောင်ခြည်ဦး ကွမ်း၊ ကွမ်းသီး၊ ကွမ်းယာပစ္စည်းရောင်းဝယ်ရေးက ဦးလှမင်းက "ကုန်ပစ္စည်း တစ်ခုအရောင်းအဝယ်ပြုလုပ်တဲ့အခါ မတွင်ကျယ်တော့ဘူးဆိုရင်လူတိုင်းကဥပေက္ခာပြုလာကြတာဒါသဘာဝပဲလေ။ အခုကကျွန်တော်တို့ကကွမ်းကို ရွှေဘိုတစ်နယ်ပဲကိုင်တော့တာ။ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်က ကွမ်းကပစ္စည်းထွက်ကမဆိုးဘူး။ ဈေးတန်းအရအထက်မှာရှိတယ်။ နောက်ပြီးတော့ မြို့ထဲဈေးကွက်နဲ့ကိုက်ညီတဲ့ အခါကျတော့ ရောင်းရတဲ့ကွမ်းအရည်အသွေးလူကြိုက်များပြီး ဈေးကွက်မှာ ရောင်းရသွက်တဲ့ ကွမ်းတစ်မျိုးသာကိုင်ဖြစ်တာဖြစ်တယ်"ဟုပြောသည်။ မကွေးမြို့ပေါ်ရှိ ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ မြို့မဈေးတို့တွင် ကျေးလက်ဒေသအကြိုက်တောင်သူများအရောက်များသဖြင့် ဈေးနှုန်းသက်သာသည့် ကွမ်းများကိုရောင်းဝယ်စားသုံးကြပြီး အများအားဖြင့် ကွမ်းယာဆိုင်များမှာ စစ်ကိုင်းတိုင်း ရွှေဘို၊ မုံရွာ၊ မန္တလေးတိုင်းမတ္တရာ၊ တံတားဦး၊ ရေဦး၊ ကျောက်ဆည်မြို့နယ်တို့ရှိ ကွမ်းများကို အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရသည်။ "အခုက ကွမ်းဈေးက ဘယ်လောက်ပါလို့ကိုပြောဖို့ခက်တယ်။ တချို့ရင်းနှီးတဲ့ ကွမ်းခြံကဆိုရင် ကိုဗစ်ဖြစ်လို့ငါကတော့မထောက်ပံ့နိုင်ဘူး။ ကွမ်းခြင်းတင်ပေးလိုက်မယ်။ ကိုယ့်ဘာသာကိုယ်ရတဲ့ဈေးနဲ့ရောင်းယူဆိုပြီး ထောက်ပံ့တဲ့အနေနဲ့ အလကားပေးတာကိုရှိတယ်။ တချို့ကွမ်းခြံတွေဆိုရင်လွှင့်ပစ်နေရတယ်လို့တောင်သိရတယ်"ဟု ဦးလှမင်းကပြောသည်။ ယခုလက်ရှိတွင် မြို့ပေါ်ပေါက်ဈေးများအရ အကောင်းဆုံးကွမ်းရွက် တစ်ပိဿာကို ကျပ် ၄၀၀၀ ရှိပြီး အခြားကွမ်းများမှာ ဝယ်ယူသည့်အပေါ်မူတည်ကာ ရရာဈေးဖြင့် ရောင်းချကြရပြီး လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများကြောင့် အချို့ကွမ်းရွက်များ အလေအလွင့်ဖြစ်နေရကြောင်း သိရသည်။ Source: https://www.thefarmermedia.com/news/15615

## ငဖဲမြို့နယ် ပင်ဦးကျေးရွာ၌ တွန်ဂလာ ၆၉၂ ရေတ်မျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ပင်ဦးကျေးရွာမှတောင်သူများအနေဖြင့် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်လျက်ရှိရာ ကျေးရွာ၏မြောက်ဘက်ရှိလယ်မြေတွင် မြေအောက်ရေကိုအသုံးပြုပြီး တွန်ဂလာ ၆၉၂ ရေတ်မျိုးကို စိုက်ပျိုးထားရာအောင်မြင်ဖြစ်ထွန်းလျက်ရှိ ကြောင်း သိရသည်။

တွန်ဂလာ ၆၉၂ ရေတ်သီးမျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ W7 သီးနှံမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီမှ ဝယ်ယူရရှိကြောင်း၊ အပင်ပေါက်ပျိုးရန်အတွက် ပျိုးဗန်းမှာ မြေဩဇာ ထည့်သွင်းပျိုးရကြောင်း၊ ပျိုးပင်များ ၂၅ ရက်နှင့် ၄၅ ရက်သားကြားတွင် စိုက်ပျိုးရန်ပြုလုပ်ပြီးသားပေါင်၌ မြေချစိုက်ပျိုးရပြီး တစ်ပတ်တစ် ကြိမ်ခန့်ရေသွင်းပေးရကြောင်း၊

အပင်ရက်သား နှစ်လဆိုလျှင် ငရုတ်သီးများ ခူးဆွတ်ရောင်းချရကြောင်း၊ ပိုးသတ်ဆေး၊ ဓာတုဆေးများ လုံးဝသုံးစွဲခြင်း မရှိကြောင်း၊ ရင့်မှည့်သော ငရုတ်သီးများကို W7 ကုမ္ပဏီသို့ ချိတ်ဆက်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၁၆၀၀ ခန့်အထိ ပေါက်ဈေးဖြတ်၍ တင်ပို့ရောင်းချရကြောင်း၊ ငရုတ်သီးများကို ခြောက်လမှ တစ်နှစ်အထိ ခူးဆွတ်ရောင်းချရ ကြောင်း၊ လယ်မြေ နှစ်ဧကမှာ ငရုတ်ပင်ပေါင်း ၁၅၀၀၀ ကျော် စိုက်ပျိုးထားရာ အရင်းအားဖြင့် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး ရောင်းအား သိန်း ၄၀ မှ ၅၀ ကြားရရှိ၍ အမြတ်များများ ကျန်ရှိကြောင်း ပင်ဦးကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးသန်းစိုးက ပြောသည်။ အဆိုပါငရုတ်သီးမျိုးကို အခြားကျေးရွာ များတွင်လည်း စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

Source: https://www.facebook.com/MYANMAALINNNEWS

## ကိုဗစ်ကာလမှာ ရှောက်ချိုသီး ရောင်းဝယ်မှု အဆင်ပြေလျက်ရှိ

စက်တင်ဘာလသည် ရှောက်ချိုသီးများ စတင်ထွက်ရှိသည့်ကာလဖြစ်ပြီး တစ်နှစ်တွင် သုံးလခန့်သာထွက်ရှိခြင်း ဖြစ်ပါသည်။ COVID-19 ကာလဖြစ်သော်လည်း ရှောက်ချိုသီးရောင်းဝယ်မှုသည် ယခင်နှစ်ကအတိုင်း အဆင်ပြေလျက်ရှိသည်။ မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာမှ အဓိကမှာယူရောင်းချနေတာဖြစ်ပြီး အော်ဂဲနစ်သီးနှံဖြစ်သည့်အတွက် နာမည်ကြီးပြီး အခြားဒေသက အသီးများထက်လည်း အရသာပိုချို၍ ဈေးနှုန်းအနေနှင့် အရွယ်အစားပေါ် မူတည်ပြီး တစ်လုံးကို ကျပ်(၂၀၀)မှ ကျပ်(၆၀၀)အထိရှိပြီး ဈေးကွက်က ပုံမှန်နှစ်တွေအတိုင်း ရောင်းချနေရသည့်အတွက် အဆင်ပြေလျက်ရှိသည်ဟု တောင်ကြီးမြို့ ပေါ်မှ နှစ်စဉ်ရှောက်ချိုသီးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများထံမှသိရသည်။ ရှောက်ချိုသီးသည် ယခုလမှထွက်ရှိပြီး စတင် ရောင်းချနေရသည့်အတွက် ဝယ်ယူစားသုံးမှုများပြားလျက်ရှိပြီး တောင်ကြီးမြို့တွင်းတွင်သာမက အခြားမြို့နယ်ကိုလည်း တင်ပို့ ရောင်းချ နေရကာ မန္တလေးမြို့ကို အများဆုံး တင်ပို့ရောင်းချနေရခြင်းဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်သည် ရှောက်ချိုသီး အများဆုံးထွက်ရှိရာဒေသဖြစ်ပြီး ယခင်နှစ်က ပိုးကျ ရောက်မှုကြောင့် အထွက်နှုန်းကျဆင်းခဲ့ရသည်။ သို့သော်ယခုနှစ်တွင် ပိုးကျရောက်ဖျက်ဆီးမှုမရှိဘဲ အထွက်နှုန်းပုံမှန်ဖြစ်နေ သော်လည်း COVID-19 ရောဂါကြောင့် နယ်ဝေးကနေ မှာယူရောင်းချမှုနည်းပါးနေသည်လို့ မောက်မယ်မြို့နယ်မှ ရှောက်ချိုသီး စိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/3383-

# နိုင်ငံတကာဈေးကွက်

## ယခုတစ်ပတ် အာရှဆန်ဝယ်လိုအားပျော့နေပြီး ဘင်္ဂလားဒေ့ရှ်၌ အရန်ဆန်ဖြည့်တင်းရေး အခက်ကြုံနေ

ယခုသီတင်းပတ်အတွင်း အာရှတိုက်ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံများ၏ ဆန်ဝယ်လိုအားလျော့ကျလျက်ရှိပြီး ရေကြီး၍ စပါးပျက်စီးမှုကြုံကာ အရန်ဆန်ဖြည့်တင်းရေး ခက်ခဲနေသော ဘင်္ဂလားဒေ့ရှ်ကလည်း ပြည်ပဆန်တင်သွင်းမှုကို ဆိုင်းငံ့ထား ဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်ကအတိုင်းမပြောင်းလဲဘဲ တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၉-၃၉၄ ဒေါ်လာကြားရပ်တည်ခဲ့သည်။ အဓိကဝယ်လက်များသည် ပြီးခဲ့သည့်သီတင်းပတ်များအတွင်းက ဆန်ပမာဏ သိသိ သာသာ ဖြည့်တင်းဝယ်ယူခဲ့ကြပြီးဖြစ်၍ ဝယ်လိုအားပျော့လာသည်ဟု အိန္ဒိယတောင်ပိုင်း အန္ဓရဒေသပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ အိန္ဒိယတောင်သူများသည် ပြီးခဲ့သည့် သီတင်းပတ်အထိ မိုးစပါး ဟက်တာ ၄၀ ဒသမ ၂ သန်း (ဧက ၉၉ ဒသမ ၃ သန်း) စိုက်ပျိုးခဲ့ကြပြီးဖြစ်ရာ နှစ်အလိုက် စိုက်ဧရိယာ ၇ ဒသမ ၆ ရာခိုင်နှုန်းမြင့် တင်ခဲ့ကြသည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစိုးရ၏ အရန်ဆန်ဝယ်ယူရေးကြိုးပမ်းချက်မှာ မျှော်မှန်းချက် တန်ချိန် ၁ ဒသမ ၉၅ သန်းကို ပြည့်မီရန် တန်ချိန်တစ်သန်းနီးပါးလိုအပ်နေသည်။ ဘင်္ဂလားဒေ့ရှ်သည် ရောဂါကပ်ကာလအတွင်း ရေကြီးမှုပါကြုံခဲ့ရပြီး ဆန်ရောင်းလိုအားလျော့ကျခြင်း၊ ပြည်တွင်းဆန်ဈေးမြင့်တက်ခြင်း ပြဿနာများ ရင်ဆိုင်နေရသည်။

ကမ္ဘာ့ဆန်ထုတ်လုပ်မှု တတိယအများဆုံး ဘင်္ဂလားဒေ့ရှ်သည် ရေကြီးမှု၊ မိုးခေါင်မှုတို့ကြောင့်ဖြစ်သော ဆန်ပြတ်လပ်မှု ကို ဖြေရှင်းရန် သွင်းကုန်အပေါ်မှီခိုရလေ့ရှိပြီး အစိုးရ၏ ဆန်သိုမှီးနိုင်မှု အခြေအနေက ဆန်တင်သွင်းရေးအပေါ် အဆုံးအဖြတ် ပေးသည်။ သို့သော်ဆန်တင်သွင်းမှုပြုရေး၊ မပြုရေးကို ဆုံးဖြတ်နိုင်ခြင်းမရှိသေးကြောင်း ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာအတွင်းဝန် Mosammat Nazma nara Khanum ကပြောသည်။ "မျှော်မှန်းထားတဲ့ ပမာဏအထိ ဆန်ဝယ်ယူနိုင်မယ်ဆိုရင်ကောင်းပါ တယ်။ ဒါပေမယ့် လက်ရှိမှာ အရန်ဆန်ကလည်း အလုံအလောက် ကျန်ရှိနေပါသေးတယ်။ ကုန်လှောင်ရုံတွေထဲမှာ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းလောက်ရှိနေပါတယ်"ဟု ၄င်းကပြောသည်။ ထိုင်းနိုင်ငံ၏ ရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန်ဈေးမှာ သုံးပတ်

ဆက်ကျဆင်းပြီး ယခင်တစ်ပတ်က တစ်တန်လျှင် ၄၈၇-၅၁၀ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၈၀-၅၀၄ ဒေါ်လာသို့ရောက်ရှိလာသည်။ သီတင်းပတ်အတန်ကြာ ဝယ်လိုအားတက်လာခြင်းမရှိသဖြင့် ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၄၅၀ အထိကျဆင်းသွားနိုင်သေးကြောင်း ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ ဗီယက်နမ်တွင် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၄၉၀-၄၉၅ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ အနည်းငယ်လျော့ကျကာ တစ်တန်လျှင် ၄၈၅-၄၉၀ ဒေါ်လာသို့ရောက်ရှိလာသည်။ “ဝယ်လိုအားကပျော့နေချိန် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတချို့မှာ ဆောင်းဦးစပါးလည်းစပေါ်နေတာကြောင့် ဆန်ဈေးကိုပိုပြီး ကျဆင်းစေပါတယ်”ဟု ဟိုချီမင်းစီးတီးမြို့ အခြေစိုက်ကုန်သည် တစ်ဦးကပြောသည်။ သို့ရာတွင် ဗီယက်နမ်၏ ဩဂုတ်လဆန်းတင်ပို့မှုမှာ ဇူလိုင်လထက် ၂၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၆၀၅၅၆၆ တန်ရှိခဲ့သည်။

Source: https://www.thefarmermedia.com/news/15625

## အိန္ဒိယက ကြက်သွန်တင်ပို့မှု ပိတ်ပင်ပြီးနောက် ဘင်္ဂလားဒေ့ရှ်ကြက်သွန်ဈေး ခုန်တက်လာ

ဘင်္ဂလားဒေ့ရှ်ထံ ကြက်သွန်အများဆုံးပေးသွင်းနေသည့် အိန္ဒိယကကြက်သွန်တင်ပို့မှုကို ပိတ်ပင်လိုက်ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အင်္ဂါနေ့က ကြက်သွန်ဈေး ၅၀ ရာခိုင်နှုန်းအထိမြင့်တက်သွားကြောင်း တာဝန်ရှိသူများက ရိုက်တာသတင်းဌာနကိုပြောသည်။ အိန္ဒိယနိုင်ငံကမိုးကြီး၍ ကြက်သွန်ပျက်စီးမှုနှင့် ကြက်သွန်ဖော်နောက်ကျမှုကြုံခဲ့ရသဖြင့် ပို့ကုန်ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ စက်တင်ဘာ ၁၄ ရက် တနင်္လာနေ့က ရုတ်တရက် ထုတ်ပြန်လိုက်သော ပိတ်ပင်မှုကြောင့် အိန္ဒိယပြည်တွင်း ကြက်သွန်ဈေးလျော့ကျလာသော်လည်း အိန္ဒိယကြက်သွန်ကို မှီခိုနေရသော ဘင်္ဂလားဒေ့ရှ်အပြင် မလေးရှား၊ နီပေါ၊ သီရိလင်္ကာစသော အာရှနိုင်ငံများ၌ ကြက်သွန်ဈေးများ မြင့်တက်ခဲ့သည်။ “အခုတော့ ဘာနဲ့သွားစားကြရမလဲ။ ဝင်ငွေမရှိတဲ့ အချိန်ကျမှ အစစအရာရာဈေးတက်နေတယ်”ဟု ကိုဗစ်ကပ်ရောဂါကြောင့် မတ်လအတွင်းက အလုပ်ပြုတ်ခဲ့ရသူ ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်သား Munna Khan က ပြောသည်။

ကိုဗစ်ဖြစ်ပွားမှုကြောင့် ဘင်္ဂလားဒေ့ရှ်လုပ်ငန်းများစွာ ပိတ်သိမ်းခဲ့ရပြီး လူအများဝင်ငွေဆုံးရှုံးကာ ကုန်ဈေးနှုန်းများမှာ ကြီးမြင့်လာနေသည်။ မရှိမဖြစ် မီးဖိုချောင်သုံး သီးနှံဖြစ်သော ကြက်သွန်၏ ဒါကာမြို့ လက်လီဈေးသည် ယခုလဆန်းပိုင်းတွင် တစ်ကီလိုလျှင် တာကာ ၃၀ ရှိခဲ့ရာမှ တနင်္လာနေ့တွင် တာကာ ၆၀ သို့ရောက်ရှိလာပြီး အင်္ဂါနေ့ကမူ တစ်ကီလိုလျှင် တာကာ ၉၀ မှ တာကာ ၁၀၀ အထိခုန်တက်သွားခဲ့သည်။ “အိန္ဒိယဘက်ခြမ်းမှာတော့ ကြက်သွန်ကားတွေ အများကြီးရပ်ထားတယ်။ အဲဒီကြက်သွန်တွေကို ဘယ်လိုလုပ်မလဲမသိဘူး”ဟု ဘင်္ဂလားဒေ့ရှ်ကုန်သည် Saiful Islam ကပြောသည်။ အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်အများဆုံးရောင်းချပေးနေပြီး ဘင်္ဂလားဒေ့ရှ်က နှစ်စဉ် အိန္ဒိယကြက်သွန် တန်ချိန် သုံးသိန်းခွဲကျော် ဝယ်ယူလေ့ရှိသည်။ ၂၀၁၉ ခုနှစ်ကလည်း အိန္ဒိယ၏ အလားတူ ကြက်သွန်ပိတ်ပင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်ကြက်သွန်ဈေး တစ်ကီလိုလျှင် တာကာ ၂၅၀ အထိ ခုန်တက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အစိုးရက ကြက်သွန်ကို လေကြောင်းဖြင့်ပင် တင်သွင်းခဲ့ရသည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်သည် ကြက်သွန်တင်သွင်းရန် အခြားနိုင်ငံများရှာဖွေနေသည်ဟု ကုန်သွယ်ရေးအတွင်းဝန် Mohammad Jafar Uddin ကပြောသည်။ “ ကျွန်တော်တို့ မျှော်မှန်းထားတာကတော့ ကြက်သွန်ကို အမြန်ဆုံး တင်သွင်းနိုင်ဖို့ဖြစ်ပါတယ်။ အစိုးရဟာ တူရကီနဲ့ တခြားနိုင်ငံတွေဆီကနေ ကြက်သွန်တန်ချိန် တစ်သိန်း တင်သွင်းသွားပါမယ်” ဟုပြောသည်။ ဒါကာမြို့တွင် ယခုတစ်ပတ်အတွင်း အစိုးရက ကြက်သွန်တစ်ကီလိုလျှင် တာကာ ၃၀ ဈေးဖြင့် ထုတ်ရောင်းခဲ့ရာ ဆင်းရဲသားများစွာ တိုးဝှေ့ဝယ်ယူခဲ့ကြပြီး အင်္ဂါနေ့ကမူ ကြက်သွန်ပြတ်တောက်သွားသဖြင့် အချို့မှာ လက်ဗလာဖြင့် ပြန်သွားကြရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာနှင့် အန္ဓရပြည်နယ်တို့တွင် မိုးကြီးမှုကြောင့် မိုးကြက်သွန်ပျက်စီးခဲ့ရသဖြင့် ကြက်သွန်ဈေးများ တစ်လအတွင်း သုံးဆမြင့်တက်ကာ တစ်ကီလိုလျှင် ရူပီး ၃၀ သို့ ရောက်ရှိခဲ့ကြောင်း ကုန်သည်များကပြောသည်။ ကြက်သွန်အဓိကစိုက်ပျိုးရာ အိန္ဒိယပြည်နယ်များတွင် မုတ်သုံရာသီစတင်ခဲ့သည့် ဇွန်လ ၁ ရက်မှစ၍ မိုးရေချိန် ပုံမှန်ထက် ၄၁ ရာခိုင်နှုန်းကျော်ပို၍ ရွာသွန်းခဲ့သည်။ “ အသစ်ပေါ်တဲ့ ကြက်သွန်တွေ ဈေးကွက်ရောက်လာဖို့ တစ်လနီးပါးနောက်ကျခဲ့တယ်” ဟု မွန်ဘိုင်းအခြေစိုက် ကြက်သွန်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Ajit Shah ကပြောသည်။ “ရေတိုမှာ ကြက်သွန်ဈေး ဆက်မာနိုင်ပါတယ်” ဟု ၄င်းကပြောသည်။

Source: https://www.thefarmermedia.com/news/15613

## တရုတ်၌ တိုင်ဖွန်းမုန်တိုင်းကြောင့် ပြောင်းခင်းများ ယိုင်လဲခဲ့သဖြင့် ပြောင်းအထွက်ကျဆင်းမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့မြောက်ပိုင်း ပြောင်းနယ်မြေတွင် လေပြင်းတိုက်ခြင်း၊ မိုးကြီးခြင်းကြောင့် ပြောင်းပင်များယိုင်လဲခဲ့သဖြင့် တရုတ်နိုင်ငံ၏ ပြောင်းထုတ်လုပ်မှုမှာ အစိုးရက နောက်ဆုံးခန့်မှန်းထားသည်ထက် တန်ချိန် ၁၀ သန်းသို့မဟုတ် လေးရာခိုင်နှုန်းနီးပါး လျော့နည်းလိမ့်မည်ဟု ဈေးကွက်သုတေသီများကပြောသည်။ တရုတ်နိုင်ငံ၌ ဈေးမများပြားခဲ့ဖူးသော ပြောင်းလက်ကျန်လျော့နည်းနေပြီး တင်သွင်းမှုတိုးမြင့်နေရပြီဖြစ်၍ ယခုလိုထွက်နှုန်းအကျခန့်မှန်းချက်က တရုတ်ပြောင်းကြိုပွိုင့်ဈေးကို စံချိန်တင်မြင့်တက်စေခဲ့သလို ကမ္ဘာ့ပြောင်းထုတ်လုပ်မှုအများဆုံး တရုတ်နိုင်ငံ၌ ပြောင်းရောင်းလိုအားပြတ်လပ်မည့်အရေးကိုလည်း စိုးရိမ်မှုမြင့်တက်စေခဲ့သည်။ “ဒီနှစ် ပြောင်းရာသီမှာ အရှေ့မြောက်ပိုင်းဒေသ ပြောင်းအထွက်တန်ချိန် ငါးသန်းကနေ ၁၀ သန်းအထိကျဆင်းမယ်လို့ ခန့်မှန်းပါတယ်”ဟု COFCO သီးနှံလုပ်ငန်းမှ သုတေသီ Zhang Dalong က စိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ရာသီအတွက် နောက်ဆုံးထုတ် ပြောင်းအထွက်ခန့်မှန်းချက်နှင့် နှိုင်းယှဉ်ပြောဆိုခဲ့သည်။ “အထွက်နှုန်းနဲ့သီးနှံအရည်အသွေးအပေါ် သက်ရောက်မှုကို ရေရှည်မှာ ခံစားရပါမယ်”ဟု Zhang ကပြောသည်။ အဓိကပြောင်းနယ်မြေများဖြစ်သော ဟေလုံကျန်း၊ ဂျီလင်၊ လျောင်းနင်နှင့် အတွင်းမွန်ဂိုလီးယားပြည်နယ်တို့တွင် ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းက တိုင်ဖွန်းမုန်တိုင်း သုံးကြိမ်တိုက်ခတ်ခဲ့ပြီး ရင့်မှည့်အဆင့်ရောက်ရှိလာသော ပြောင်းခင်းများ ယိုင်လဲခဲ့ကာ စိုက်ခင်းများတွင်လည်း ရေလွှမ်းမိုးခဲ့သည်။ “အပင်တွေ လဲသွားပေမယ့် အထွက်လုံးဝမရတော့ဘူးဆိုတဲ့သဘော မဟုတ်ပါဘူး။ နောက်ပိုင်းမှာ ပြန့်ပြီးတော့ ပြုစုနိုင်မယ်ဆိုရင် ထွက်နှုန်းတချို့ ရရှိဦးမှာပါ” ဟု Shengda Futures လုပ်ငန်းမှ အကြီးတန်းသုတေသီ D Meng Jinhui ကပြောသည်။ “ဒါပေမယ့် ပြောင်းရိတ်သိမ်းခ ပိုကြီးလာနိုင်ပြီး ပြောင်းအလေးချိန်ကျတာ၊ မှိုတက်တာတွေ ဖြစ်လာနိုင်ပါတယ်”ဟု အရှေ့မြောက်ပိုင်းဒေသ ပြောင်းအထွက်တန်ချိန် ငါးသန်း ကျဆင်းမည်ဟု ကနဦးခန့်မှန်းချက်ပေးခဲ့သူ Meng ကပြောသည်။ အသားထုတ်လုပ်ငန်း အလျင်အမြန် နာလန်ထူလာကာ ပြောင်းဝယ်လိုအားမြင့်တက်နေချိန်တွင် သီးနှံပျက်စီးဆုံးရှုံးခဲ့ရသဖြင့် တိရစ္ဆာန်အစာပြတ်လပ်လာနိုင်ခြေကိုလည်း စိုးရိမ်မှုမြင့်တက်လာသည်။ တရုတ်နိုင်ငံ၊ ဒါလီယံကုန်စည်ဒိုင်တွင် တနင်္လာနေ့ကဖြစ်ပေါ်သော ဇန်နဝါရီလ ပြောင်းကြိုပွိုင့်ဈေးသည် တစ်တန်လျှင် ၂၄၁၉ ယွမ် (၃၅၇ ဒသမ ၁၆ ဒေါ်လာ) အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနသည် တိုင်ဖွန်းမုန်တိုင်းသက်ရောက်မှုကြောင့် ၂၀၂၀-၂၁ ပြောင်းအထွက် ခန့်မှန်းချက်ကို တန်ချိန် ၁ ဒသမ ၈ သန်းလျှော့ချကာ တန်ချိန် ၂၆၅ သန်းဟုပြင်ဆင်ခဲ့သော်လည်း ၎င်းမှာ ယခင်ရာသီ၏ အထွက်နှုန်းထက် မြင့်မားနေဆဲဖြစ်သည်။

ပြောင်းထုတ်လုပ်မှု အများဆုံး ဟေလုံကျန်းပြည်နယ်အစိုးရက တိုင်ဖွန်းမုန်တိုင်းကြောင့် ပြောင်းပင်အချို့ ယိုင်လဲခဲ့ပြီးသီးနှံအထွက်ဆုံးရှုံးမှုနှင့် ရိတ်သိမ်းစရိတ် မြင့်တက်မှုတို့ဖြစ်ပေါ်လာမည်ဟု ဗုဒ္ဓဟူးနေ့ကထုတ်ပြန်သည်။ ရေထုတ်ခြင်း၊ အခြောက်ခံခြင်းစသော ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်ခဲ့သဖြင့် ဒေသ၏သီးနှံအထွက် ထိခိုက်မှုနည်းလိမ့်မည်ဟုပြည်နယ်အစိုးရ၏ WeChat အကောင့်တွင်ထုတ်ပြန်သည်။ ထိခိုက်သည့်စိုက်ဧရိယာနည်းပါးသလိုသက်ရောက်မှုလည်းမပြင်းထန်ဟု၎င်းကထုတ်ပြန်သည်။ ပြောင်းဈေးတက်လာမည်ဟုတွက်ချက်လျက် နိုင်ငံအရှေ့မြောက်ပိုင်းရှိကုန်သည်များက သီးနှံသိုလှောင်စရာများ ချဲ့ထွင်လာသလို တောင်သူများကလည်း သီးနှံရောင်းချမှုကို ဆိုင်းငံ့ရန်ပြင်ဆင်နေကြောင်း လယ်ယာအကြံပေးအဖွဲ့ Cofeed က ထုတ်ပြန်သည်။ ဟေလုံကျန်းပြည်နယ်တွင် ပြောင်းအထွက်ဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း Cofeed က ယခုလဆန်းပိုင်း သီးနှံလေ့လာဆန်းစစ်ချက်တစ်ခုကို ကိုးကားထုတ်ပြန်ခဲ့သည်။ ပြည်တွင်းအထွက်ကျဆင်းချိန်တွင် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုကဲ့သို့သော ပင်မရောင်းလက်များထံမှ ပြောင်းပိုမိုတင်သွင်းရမည်ဟု မျှော်လင့်ထားသည်။ “ကျွန်တော်တို့ ပြောင်းပိုဝယ်ဖို့ လိုအပ်လာပါလိမ့်မယ်”ဟု အစိုးရပိုင်လယ်ယာကုန်သွယ်ရေးလုပ်ငန်းတစ်ခု၏ အမည်ထုတ်ဖော်ခဲ့ခြင်းမရှိသည့် အမှုဆောင်တစ်ဦးကပြောသည်။

Source: https://www.thefarmermedia.com/news/15620

## အိန္ဒိယကြက်သွန်ဈေး ဘာကြောင့် မြင့်တက်လာရသလဲ

ယခုနှစ်အတွင်း အိန္ဒိယ၏ကြက်သွန်နီထုတ်လုပ်မှု မြင့်တက်ခဲ့သည့်တိုင်ရောင်းလိုအားပြတ်လပ်ခြင်းကြောင့် ပြီးခဲ့သည့်ခြောက်လအတွင်း အိန္ဒိယကြက်သွန်ဈေး ၁၇၇ ရာခိုင်နှုန်း ထိုးတက်လာခဲ့သည်။ မိုးကြီးခြင်းကြောင့် ဂိုဒေါင်ကြက်သွန်များပုပ်သိုးပျက်စီးခြင်း၊ ကြက်သွန်ခင်းများ ရေဝင်ပျက်စီခြင်းတို့ ဖြစ်ပေါ်ခဲ့သလို ကြက်သွန်ပွဲစားများကလည်း ဈေးတက်မှုကို အခွင့်အရေးယူနိုင်ရေး ကြက်သွန်ပြတ်လပ်အောင်တမင်တကာဖန်တီးနေကြသည်။ ကနဦးခန့်မှန်းချက်အရမူ အိန္ဒိယ၏ယခုနှစ်

ကြက်သွန်ထုတ်လုပ်မှုသည် တန်ချိန် ၂၆၇ ဒသမ ၃ သိန်း ရှိနိုင်ပြီး ယခင် နှစ်ထက် ၁၇ ရာခိုင်နှုန်းနီးပါး ပိုများသည်။ ကြက်သွန်သိုလှောင်နိုင်စွမ်းကိုလည်း တန်ချိန် ၅၄ သိန်းအထိ မြှင့်တင် နိုင်ခဲ့ သည်။

မဟာရဋ္ဌနှင့် ကာနာတာကာပြည်နယ်တို့က နိုင်ငံ၏ စုစုပေါင်းကြက်သွန်အနက် ထက်ဝက်ကျော် (၅၁ ရာခိုင်နှုန်း) ကို ထုတ်လုပ်ပေးနေသည်။ သို့ရာတွင် မဟာရဋ္ဌပြည်နယ်၌ သိုလှောင်ကြက်သွန် ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ညီမျှသော တန်ချိန် ၂၇ သိန်းမှာ မုတ်သုံမိုးနှင့် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့် ပုပ်သိုးပျက်စီးခဲ့ရပြီး ကာနာတာကာပြည်နယ်တွင်လည်း ကြက်သွန်သီးနှံ ၃၀ ရာခိုင်နှုန်း ရေဝင်ပျက်စီးခဲ့ရသည်။ ရာသီဥတုမမှန်မှုအပြင် ပွဲစားများနှင့် လက်ကားသမားများ၏ ကိုယ်ကျိုးရှာမှုကလည်း ကြက်သွန်ပြတ်လပ်ခြင်း၏ အကြောင်းရင်းတစ်ခုအဖြစ်ရှိနေသည်။ "မိုးကြီးတာကြောင့် ကြက်သွန်ရောင်းလိုအား ပြတ်လပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြားသိထားတာတစ်ခုက ကြက်သွန်လှောင်လက်တွေနဲ့ ပွဲစားတွေကလည်း ပို့ကုန်ပိတ်ပင်လိုက်တဲ့အတွက် ဖြစ်လာမယ့်အကျိုးဆက်ကို တွက်ဆနေကြတယ်ဆိုတာပါ။ ဒီအခြေအနေမှာ ကြက်သွန်ပြတ်လပ်အောင် တမင်တကာဖန်တီးကြဖို့ရှိပါတယ်။ ဒါပေမဲ့အခြေအနေကို ကျွန်တော်တို့အနီးကပ်စောင့်ကြည့်နေပါတယ်"ဟု အမည်ထုတ်ဖော်ခြင်းမရှိသောစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထိပ်တန်းအရာရှိတစ်ဦးက India Today သတင်းဌာနကို ပြောသည်။ ပြည်တွင်း၌ ကြက်သွန်ဈေးမြင့်တက်နေခြင်းကြောင့် အစိုးရက စက်တင်ဘာ ၁၄ ရက်မှစ၍ ကြက်သွန်ပို့ကုန်ကို ပိတ်ပင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်တင်ပို့မှု ပြန်လည်ခွင့်ပြုပေးခဲ့သည်။ ဒေလီ၊ မွန်ဘိုင်းစသော မြို့ကြီးများတွင် ပျမ်းမျှကြက်သွန်လက်လီဈေး တစ်ကီလိုလျှင် ၄၀-၆၀ ရူပီး ရှိနေပြီး ဇွန်လက ဖြစ်ပေါ်ခဲ့သော တစ်ကီလို ၂၀-၃၀ ရူပီးနှုန်းထက်များစွာမြင့်တက်လာသည်။ ကြက်သွန်လှောင်လက်များကမူဈေးနှုန်းကိုထပ်မံမြင့်တက်လာအောင်ကြိုးစားကြဖွယ် ရှိနေသည်။

အိန္ဒိယ၏အကြီးဆုံးကြက်သွန်ဈေးကြီးဖြစ်သော မဟာရဋ္ဌပြည်နယ် Lasalgaon ဈေး၌ ကြက်သွန်လက်ကားဈေးသည် ဧပြီလက တစ်ကွင်တယ်လျှင် ၇၂၂ ရူပီး ရှိခဲ့ရာမှ စက်တင်ဘာလလယ်တွင် ၂၀၀၀ ရူပီးအထိ မြင့်တက်လာခဲ့သည်။ ကြက်သွန်ဈေးမှာ ယခင်နှစ်လည်း အလားတူ ထောင်တက်ခဲ့ဖူးသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လက်ကားဈေးမှာ တစ်ကီလိုလျှင် ၃၂ ရူပီး ရှိခဲ့ရာ ယခုနှစ်ပေါက်ဈေးထက်ပင် ၁၂ ရူပီးနီးပါး မြင့်မားနေသည်။ ထို့နောက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကြက်သွန်လက်ကားဈေးမှာ တစ်ကီလိုလျှင် ၈၀ ရူပီးအထိ ရောက်ရှိခဲ့သည်။ အိန္ဒိယသည် ပြည်တွင်းလိုအပ်ချက်ထက် ပို၍ကြက်သွန်ထုတ်လုပ်နေသော်လည်း သိုလှောင်အဆောက်အအုံညံ့ဖျင်းခြင်း၊ ကုန်စည်စီးဆင်းမှုကွင်းဆက်အားနည်းခြင်းတို့ကြောင့် နှစ်စဉ်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ တစ်နှစ်လျှင် ပျမ်းမျှ ကြက်သွန်ထုတ်လုပ်မှု တန်ချိန်သိန်း ၁၈၀ ရှိသော အိန္ဒိယမှာ ကမ္ဘာတွင် တရုတ်နိုင်ငံပြီးလျှင် ကြက်သွန်ထုတ်လုပ်မှု ဒုတိယအများဆုံးအဖြစ် ရပ်တည်နေသည်။ ပြည်တွင်း ကြက်သွန်စားသုံးမှုမှာ တန်ချိန် သိန်း ၁၆၀ သာ ရှိသဖြင့် ပိုလျှံကြက်သွန်များကို ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ယူအေအီး၊ သီရိလင်္ကာနိုင်ငံများသို့ တင်ပို့လေ့ရှိသည်။ အိန္ဒိယက ယခုနှစ် ဧပြီ-ဇွန်ကာလအတွင်း ကြက်သွန် ကန်ဒေါ်လာ ၁၉၈ သန်းဖိုး တင်ပို့ခဲ့သည်။

လက်ရှိအချိန်မှာ ဈေးကွက်ကစားသူများက အချင်းချင်းညှိနှိုင်း၍ ကြက်သွန်ပြတ်လပ်မှု ပို၍ဖြစ်ပေါ် ကြံစည်နိုင်သဖြင့် အလွန်အရေးကြီးသည့်ကာလဖြစ်သည်ဟု ကျွမ်းကျင်သူများကသုံးသပ်သည်။ "ဒီလိုကာလမှာ အစိုးရက ဈေးကွက်ကို အနီးကပ်စောင့်ကြည့်သင့်ပါတယ်။ လှောင်လက်တွေနဲ့ ပွဲစားတွေဟာ ကြက်သွန်သိုလှောင်မှု၊ ဈေးတက်လာမှုတို့ကနေ အမြတ်ထုတ်ဖို့ လှုပ်ရှားလာပြီး ရာသီဥတုအပေါ် ရမယ်ရှာဖွယ်ရှိပါတယ်။ ရာသီဥတုမမှန်မှုအပြင် သိုလှောင်အဆောက်အအုံ မကောင်းခြင်းနဲ့ ကြက်သွန်လှောင်သမားတွေဟာ အစိုးရရဲ့ကြက်သွန်ထိန်းချုပ်ရေးကြိုးပမ်းချက်ကိုစိန်ခေါ်နေပါတယ်"ဟု IIT-Delhi တက္ကသိုလ်မှ ပါမောက္ခ V Upadhyay က ပြောသည်။ Source: https://www.facebook.com/thefarmermedia

## ရှင်းကျန်းဒေသမှသွင်းကုန်များကို အမေရိကန်တားမြစ်မှု တရုတ်အပြစ်တင်ရှုတ်ချ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်းကျန်းဒေသမှထွက်ရှိသည့် သွင်းကုန်များကို အမေရိကန်အစိုးရကတားမြစ်မှုနှင့် ပတ်သက်၍ တရုတ်အစိုးရကစက်တင်ဘာ ၂၃ ရက်တွင်အပြစ်တင်ရှုတ်ချသည်။ တရုတ်အစိုးရကရှင်းကျန်းဒေသ၌ အတင်းအကျပ်ဖိအားပေး အလုပ်ခိုင်းစေနေသည်ဟူသော အမေရိကန်အစိုးရ၏ ပြောဆိုမှုသည်လည်း လုပ်ကြံပြောဆိုခြင်းသာဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးကိုထိခိုက်စေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အမေရိကန်အောက်လွှတ်တော်သည် ရှင်းကျန်းဒေသမှသွင်းကုန်များ တင်သွင်းမှုတားမြစ်ခြင်းဥပဒေကို စက်တင်ဘာ ၂၂ရက်တွင်တညီတညွှတ်တည်းထောက်ခံထားသည်။ ထို့ကြောင့်အမေရိကန်၏ လုပ်ဆောင်မှုသည် ရှင်းကျန်းဒေသရှိ လူ့အခွင့်အရေး အခြေအနေကိုမလိုမုန်းထား အသရေဖျက်ခြင်းသာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ဝမ်ဝန်ဘင်းကပြောသည်။ ရှင်းကျန်းဒေသအရေးသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးသက်သက်သာဖြစ်ပြီး အမေရိကန်က ကြားဝင်စွက်ဖက်ပိုင်ခွင့်မရှိကြောင်းနှင့် အတင်းအကျပ်ဖိအားပေး အလုပ်ခိုင်းစေသည်ဟူသောပြောဆိုချက်သည် အနောက်နိုင်ငံများမှ အဖွဲ့အစည်းများ နှင့်ပုဂ္ဂိုလ်များ၏ လုပ်ကြံပြောဆိုမှုဖြစ်ကြောင်း ဝမ်ဝန်ဘင်းက ဆက်ပြောသည်။ ရှင်းကျန်းဒေသသည် ကမ္ဘာ့ချည်မျှင်အထည်ထုတ်လုပ်မှု၏ အဓိကနေရာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းနေသော အဝတ်အထည်များ၏ ၂၀ ရာခိုင်နှုန်း တွင် ရှင်းကျန်းဒေသထွက် ဝါချည်မျှင်များပါဝင်နေကြောင်း သုတေသနတစ်ခုအရ သိရသည်။

Source: https://www.myawady.net.mm/node/2145

## မရေရာ မသေချာမှုများနဲ့ကမ္ဘာ့ရေနံဝယ်လိုအား

ဗိုင်းရပ်ကြောင့် လူတွေရဲ့နေ့စဉ်ဘဝတွေမှာ အနှောင့်အယှက်ဖြစ်နေရပြီး၊ လော့ဒေါင်းတွေကြောင့် နေအိမ်တွေမှာ နေရပြီး၊ စက်ရုံအလုပ်ရုံတွေ အရင်လိုပုံမှန်ပြန်လည်ပါတ်ဖို့ နှောင့်နှေးမှုတွေကြောင့် ကမ္ဘာ့ရေနံဝယ်လိုအားကလည်း အရင်လိုပုံမှန်ပြန်ဖြစ်ဖို့ အတော်လေးကြာနိုင်ပါသေးတယ်။ ဗိုင်းရပ်စဖြစ်ပြီး လော့ဒေါင်းတွေ ပြု့လုပ်မှုတွေ အမြင့်ဆုံးကာလဖြစ်တဲ့ ဧပြီလတုန်းက ကမ္ဘာ့ရေနံဝယ်လိုအားက နှစ်အလိုက် တစ်နေ့ကို ၂၃ သန်းကျဆင်းခဲ့ပြီး၊ အခုလက်ရှိ မှာတော့ ကျဆင်းမှုက တစ်နေ့ကို ၈ သန်းရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လတုန်းက တရုတ်ရဲ့ရေနံတင်သွင်းမှုကိုကြည့်ရင် ၃၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်နေ့ကို ၁၃ သန်းရှိခဲ့ပါတယ်။ ဒါကလည်း အမှန်တကယ် သုံးစွဲမှုထက် ရေနံဈေးအနိမ့်မှာ အကျိုးအမြတ်အတွက် တင်သွင်းခြင်း တစ်ခုမျှသာဖြစ်ပါတယ်။ ဒီနောက်ပိုင်းလတွေမှာတော့ တရုတ်ရဲ့ရေနံတင်သွင်းမှုက တဖြည်းဖြည်းလျော့နည်းလာတာ တွေ့ရပါတယ်။ ဒါကလည်းဈေးကွက်အပေါ် သက်ရောက်မှုတွေရှိလာစေတဲ့ အကြောင်းအချက်တစ်ခုပါ။ အခြားနောက်တစ်ချက်ကတော့ ကုန်ပစ္စည်းဝယ်လိုအားတွေကျဆင်းလာခြင်း၊ ကုန်ပစ္စည်းသိုလှောင်မှုတွေ မြင့်တက်လာခြင်းနဲ့ ထုတ်လုပ်မှုကျဆင်းလာခြင်းတို့ကြောင့် ရေနံချက်လုပ်ငန်းတွေ အပေါ်ဖိအားတွေ သက်ရောက်လာစေပါတယ်။ IHS Markit ၏ အဆိုအရ တစ်ကမ္ဘာလုံး ရေနံသန့်စင် စက်ရုံအသုံးပြုမှုနှုန်းက လက်ရှိမှာ ၇၅ ရာခိုင်နှုန်း အောက်တွင်သာရှိတယ်လို့ဆိုပါတယ်။ ဒ့ါအပြင်ရေနံချက်သန့်စင်စက်ရုံတွေ ပြု့ပြင်ထိန်းသိမ်းမှုရာသီကလည်းနီးကပ်လာတာနဲ့အမျှ ရေနံဝယ်လိုအား အပေါ်သက်ရောက်မှု အချို့ရှိလာနိုင်ပါတယ်။ OPEC က မေလနဲ့ ဇူလိုင် လအတွင်း ရေနံထုတ်လုက်မှုကို တစ်နေ့ စည်ပေါင်း ၉ ဒသမ ၇ သန်းလျော့ချခဲ့ပါတယ်။ ဒီနောက်မှာတော့ဩဂုတ်လ တစ်ရက်နေ့ကစပြီး ဖြေလျော့တဲ့ အနေနဲ့ တစ်နေ့ကို ၇ ဒသမ ၇ သန်းသာ လျော့ချထုတ်လုပ်ခဲ့ပါတယ်။ OPEC အတွက်ပြဿနာရှိတာကလ ရေနံဝယ်လိုအားတွေ နှောင့်နှေးနေပြီး၊ ဝယ်လိုအားတွေ တဖြည်းဖြည်း လျော့နည်းလာတာတွေ့ရ ပါတယ်။

လက်ရှိမှာတော့ ဗိုင်းရပ်ဒုတိယလှိုင်းကြောင့် အချို့နိုင်ငံတွေ စက်ရုံအလုပ်ရုံတွေနားထားရပေမယ့် တစ်နိုင်ငံလုံး လော့ဒေါင်းလုပ်နိုင်ခြေမရှိဘူးလို့ တချို့ကသုံးသပ်ထားပါတယ်။ မနေ့ညက စက်တင်ဘာလ ၁၈ ရက်နေ့အတွက် API data အရ ရေနံသိုလှောင်မှုက စည်ပေါင်း ၆၉၁၀၀၀ မြင့်တက်ခဲ့ပါတယ်။ လောင်စာဆီ သိုလှောင်မှုက ၇ ဒသမ ၇၃၅ သန်း လျော့ကျခဲ့ပါတယ်။ အိန္ဒိယ၊ ပြင်သစ်၊ စပိန်နဲ့ အင်္ဂလန်နိုင်ငံတွေမှာ ဗိုင်းရပ်ကူးစက်မှု မြင့်တက်လာမှုနဲ့၊ လစ်ဗျားရဲ့ ရေနံတိုးထုတ်လုပ်လာမှုတွေကြောင့် ရေနံဝယ်လိုအား အတွက်စိုးရိမ်စရာတစ်ခုပါ။ ဒီနေ့အတွက် EIA ကထုတ်ပြန်မယ့် ရေနံသိုလှောင်မှုထွက်ဖို့ရှိပြီး ၂ ဒသမ ၂၃၅ သန်းလျော့ကျမယ်လို့ ခန့်မှန်းထားပါတယ်။ ရေနံဈေးကတော့ မည်သို့ပင်ဖြစ်စေ ဝယ်လိုအားအပေါ်ဖိအားတွေ ရှိနေသေးသ၍ Range တစ်ခုအတွင်းသာရှိနေနိုင်ပါတယ်။

Source:https://www.facebook.com/a9biz/posts/3599374273427803

# ပြည်တွင်းကုန်သွယ်မှုသတင်း

## အရေးကြီး ကုန်စည်များမှအပ ကျန်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှုရပ်တန့် နေသည့်အတွက် မြဝတီနယ်စပ်၌ ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းအထိ ကျဆင်း

ဆေးဝါးနှင့်စားသောက်ကုန်အပါအဝင် အရေးကြီးကုန်စည်များသာ တင်ပို့နေရသည့်အတွက် ကျန်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှုရပ်တန့်လျက်ရှိရာ လတ်တလောတွင် မြဝတီနယ်စပ်၌ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းအထိကျဆင်းနေ

ကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဇော်ထွန်းလင်း ၏ ပြောပြချက်အရ သိရသည်။

လတ်တလော ရန်ကုန်တိုင်းဒေသကြီး ၌ COVID-19 ရောဂါပိုးတွေ့လူနာ များလာသည့်အတွက် Stay at Home နေထိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားသည့်အပြင် ထိုင်းနိုင်ငံသို့ ကုန်စည်တင်ပို့မှုနှင့် ဝင်ရောက်မှုမှာလည်း နည်းပါးနေသောကြောင့် လက်ရှိတွင်ကုန်စည်တင်ပို့မှုမှာ ၃၀ ရာခိုင်နှုန်းသာရှိကြောင်းသိရသည်။ "စားသောက်ကုန်နဲ့ဆေးဝါးသာ အခိက တင်ဆောင်ခွင့်ပြုတယ်ဆိုတော့ ကုန်စည်စီးဆင်းတာနည်းသွားတယ်။ ကျန်တာအားလုံးကတော့ ရပ်သွားတယ်။ လက်ရှိ မြဝတီနယ်စပ်မှာ ၇၀ ရာခိုင်နှုန်းလောက်နည်းသွားတယ်။ ထိုင်းနိုင်ငံကို လောလောဆယ်တင်ပို့တာလည်းမရှိဘူး"ဟု ဦးဇော်ထွန်းလင်း ကပြောသည်။ ထိုသို့ကုန်စည်စီးဆင်းမှုလျော့နည်းသွားသော်လည်း စက်သုံးဆီဈေးနှုန်းများကျဆင်းနေသည့်အတွက် တန်ဆာခနှုန်းထားမှာ ပုံမှန်အတိုင်းပင်ရှိကြောင်း သိရသည်။ "တန်ဆာခနှုန်းထားတွေကတော့ မတက်ပါဘူး။ ကုန်စည်စီးဆင်းမှုကတော့ လောလောဆယ် ရန်ကုန်ပိတ်ထားတာကအခိကပေါ့။ ရန်ကုန်ကနေ ၁၄ ရက်ပိတ်တာက အခိကဆိုတော့ ရန်ကုန်ကိုကြည့်ပြီးပဲ ကျန်ကုန်သည်တွေက လှုပ်ရှားရတယ်။ ဒီကာလပြီးရင် ကုန်စည်စီးဆင်းမှုပြန် ကောင်းလာမှာပါ"ဟု ဦးဇော်ထွန်းလင်း ကပြောသည်။ မြဝတီကုန်စည်စီးဆင်းမှုမှာ မိုးရာသီ ကာလများတွင် ရန်ကုန်မှ အသွားအပြန် ခြောက်ဘီးမှ ၂၂ ဘီးကားအစီးရေ ပျမ်းမျှ တစ်ရက်လျှင် ၁၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ Source: https://www.myawady.net.mm/node/2235

## ခရီးသွားလုပ်ငန်းများ လာမည့်နှစ်မှ ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်း

COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ကမ္ဘာ့အနှံ့တွင် ပြည်ဝင်ခွင့်များ၊ လေကြောင်းလိုင်းများ ရပ်ဆိုင်းခြင်းနှင့် ခရီးသွားလာခွင့်ထိန်းချုပ်မှုများ ဆောင်ရွက်ခဲ့သဖြင့် လုံးဝရပ်ဆိုင်းသွားခဲ့သည့် ခရီးသွားလုပ်ငန်းသည် လာမည့်နှစ်မှပြန်လည်စတင်နိုင်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကျွမ်းကျင်သူများက မှန်းဆထားသည်။

COVID–19 ကပ်ရောဂါကြောင့် ခရီးသွားများ၏ ရွေးချယ်မှုများမှာ ယခင်နှင့်မတူပဲ ပြောင်းလဲသွားပြီး မြို့ပြခရီးသွားထက် ကျေးလက်ဒေသများနှင့် သဘာဝပတ်ဝန်းကျင်များကို လေ့လာသည့်ခရီးစဉ်များ ပိုမိုရွေးချယ်လာမည်ဟု ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများကခန့်မှန်းထားသည်။ ထို့ကြောင့် အဆိုပါခန့်မှန်းမှုနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံ၏ လူထုအခြေပြုခရီးစဉ်များ ထိရောက်စွာအသုံးပြုရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အကြံပေးထားသည်။ ထို့ပြင် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်နလန်ထူနိုင်ရန် အနည်းဆုံး ၂ နှစ်မှ ၈ နှစ်လောက်အထိ ကြာနိုင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ကျွမ်းကျင်သူများ၏ မှန်းဆပြောဆိုချက်များကို ဒုတိယသမ္မတ ဟင်နရီဗန်ထီးယူက စက်တင်ဘာ ၂၅ ရက်က ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ကျော့ပြန်မြင့်တက်လာသည့်ကိုဗစ်ကြောင့် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားရသည်။ ပြီးခဲ့သည့် မတ်လကုန်မှစပြီး ပြည်ပခရီးသည်များ ဝင်ရောက်ခွင့်အတွက် လေကြောင်းလိုင်းများကို ကန့်သတ်ထားခဲ့သည့် မြန်မာနိုင်ငံလေကြောင်းကဏ္ဍသည် လက်ရှိတွင်လည်း ပြည်တွင်းစဉ်များပြေးဆွဲမှုကို ရပ်ဆိုင်းထားသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယား အရ ၂၀၂၀ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလတွင် နိုင်ငံတကာခရီးသည်ဝင်ရောက်မှုမှာ သန်း (၄၄၀) ရာခိုင်နှုန်းအားဖြင့် (၆၅) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဝင်ငွေအနေဖြင့် အမေရိကန် ဒေါ်လာ ၄၆၀ ဘီလီယံ ဆုံးရှုံးခဲ့သည့်အတွက် အလုပ်အကိုင် ဆုံးရှုံးမှုများနှင့် ထိခိုက်မှုအများဆုံး ကဏ္ဍထဲတွင် ပါဝင်သည်။

Source: https://myanmar.mmtimes.com/news/144149.html

# ပြည်ပကုန်သွယ်မှုသတင်း

## ကြက်သွန်ဖြူများ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန်နှင့် ဈေးကောင်းပိုမိုရရှိစေရန် ကြက်သွန်ဖြူဆိုင်ရာ စံချိန်စံညွှန်းမူကြမ်းကို နိုင်ငံတကာစံနှုန်းအတိုင်း ရေးဆွဲမည်

ကြက်သွန်ဖြူများပြည်ပဈေးကွက်သို့ပိုမိုတင်ပို့နိုင်ရန်နှင့် ပြည်ပဈေးကွက်တွင်ဈေးကောင်းပိုမိုရရှိစေရန် ကြက်သွန်ဖြူဆိုင်ရာစံချိန်စံညွှန်းမူကြမ်းကို နိုင်ငံတကာစံနှုန်းအတိုင်းရေးဆွဲမည်ဖြစ်ကြောင်း စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီမှသိရသည်။ စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီမှ အတွင်းရေးမှူး ဦးမြင့်ဝေက "မူကြမ်းရေးဆွဲတဲ့အခါ အကျိုးရလဒ်ကတော့ ကုန်သွယ်ရေးတွေဆောင်ရွက်တဲ့အခါမှာ ချောမွေ့

စေမယ်။ အရည်အသွေးတို့ ကုန်သွယ်မှု သတ်မှတ်စည်းကမ်းတို့ ကို ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်'' ဟု ဆင်ဟွာသို့ စက်တင်ဘာ ၂၆ ရက်တွင်ပြောသည်။ လက်ရှိတွင် စံချိန်စံညွှန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ခြင်း၊ ချမှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့စံချိန်စံညွှန်းများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပြည်တွင်းတွင် ကြက်သွန်ဖြူအား ရှမ်းပြည်နယ်၌ အဓိက စိုက်ပျိုးကြောင်း၊ ပြည်ပသို့ တစ်နှစ်လျှင်ကြက်သွန်ဖြူတန်ချိန် ၃၀၀၀ ကျော်တင်ပို့နိုင်ကြောင်းသိရသည်။ ပြည်ပမှ ကြက်သွန်ဖြူအား တိုးမြှင့်ဝယ်ယူလိုသော်လည်းအရည်အသွေးပိုင်းဆိုင်ရာအားနည်းချက်များကြောင့် မြန်မာနိုင်ငံနှင့်သင့်လျော်မည့် အာဆီယံစံချိန်စံညွှန်းအား ကိုးကားပြုစုထားသည့် မြန်မာ့စံချိန်စံညွှန်း (မူကြမ်း)ကို စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းဆိုသည်။

လက်ရှိမြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော ဖရဲ၊ သခွား၊ ပဲမျိုးစုံ၊ ဆန်စသည်တို့ ကိုလည်း နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် တင်ပို့လျက်ရှိကြောင်း၊အထူးသဖြင့် နိုင်ငံတကာသို့ ဆန် Export တင်ပို့ပါက မည်သည့်စံချိန်စံနှုန်းနှင့်အညီ စိုက်ပျိုးတင်ပို့သင့်ကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူများအားပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းဆိုသည်။ Source: [https://xinhuamyanmar.com/.../29677-2020-09-26-12-59-23](https://xinhuamyanmar.com/.../29677-2020-09-26-12-59-23)

## ရာသီဥတုကြောင့် အထွက်နှုန်းကျမည့်အပြင် ကိုဗစ်-၁၉ ကြောင့် ဈေးကျနေသဖြင့် ငဖဲမြို့နယ်ရှိ ဝဥစိုက်ပျိုးသူများ အခက်ကြုံ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများက ဝဥများကိုစိုက်ပျိုးကြရာ ယခုနှစ်မိုးလယ်ပိုင်းတွင် အဆိုပါဒေသတွင် မိုးများခဲ့ခြင်းကြောင့် အပင်များထိခိုက်ပြီး အထွက်နှုန်းနည်းနိုင်သည့်အပြင် ကိုဗစ်ဂယက်ကြောင့် လမ်းပန်းဆက်သွယ်ရေးများလည်း ပိတ်ထားသဖြင့် ဝဥဈေးကွက် ထက်ဝက်ခန့် ကျဆင်းနေကြောင်း ဒေသခံများထံမှ သိရသည်။ ငဖဲမြို့နယ်အတွင်းရှိ ဆုံတော၊ လင်းတဲ့၊ ထောက်ကျန့်၊ ဂုတ်ကြီး၊ ဘုန်းပေါ၊ ပကျီကျေးရွာများနှင့် နတ်ရေကန် တောင်ပေါ်ဒေသကျေးရွာအုပ်စုများတွင်  ဝဥစိုက်ပျိုးကြရာ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလ ဒုတိယပတ်အတွင်းတို့က မိုးများခဲ့သဖြင့် အပင်များခါးကျိုးပြီး အထွက်နည်းနိုင်ကြောင်း တောင်သူဦးဆလိုင်းကြန်ပန်းကပြောသည်။ "အခုနှစ် မိုးလေဝသအခြေအနေက မိုးများပြီး အပင်တွေမကောင်းဘူး။ အပင်တွေက ခါးနာသွားတယ်။ အပင်ဖြစ်ထွန်းမှုနည်းတယ်။ ကျွန်တော် ဒီဘက်တင်ဖြစ်တာလားလို့ဆိုပြီး ချင်းပြည်နယ် ကန်ပက်လက်က ကျွန်တော့်မိတ်ဆွေကို လှမ်းမေးတော့လည်း သူတို့ဘက်မှာလည်း မိုးများလို့ အပင်တွေ ခါးနာပြီးမဖြစ်ထွန်းဘူးပြောတယ်"ဟု ဦးဆလိုင်းကြန်ပန်းက ပြောသည်။

ယခင်နှစ်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် မန္တလေးမြို့အထိ တက်ရောင်းချရာ ဝဥအနီအစို တစ်ပိဿာလျှင်ကျပ်၂၂၀၀ နှင့် အခြောက် တစ်ပိဿာကို ကျပ် ၁၃၀၀၀ ဖြင့်ရောင်းချရသည်။ ယခုနှစ်တွင် ကိုဗစ်ဂယက်ကြောင့် လမ်းပန်းဆက်သွယ်ရေးများပိတ်ထားခြင်း၊ တရုတ်ဝယ်လက်များမရှိခြင်းတို့ကြောင့် ယခုလက်ရှိအနေအထားတွင် ဝဥအစို တစ်ပိဿာလျှင်ကျပ် ၁၂၀၀ သာရှိကြောင်း ဦးဆလိုင်းကြန်ပန်းကပြောသည်။ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ဇွန်လကစတင်၍ အဆိုပါဒေသများကတောင်သူများ အပင်ရေ ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ စိုက်ပျိုးခဲ့ကြပြီး ယခုနှစ်တွင် အပင်ရေ ၅၀၀၀ ကျော် အထိတိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ ဒီဇင်ဘာလအတွင်း ဖော်ယူရောင်းချရပြီး ဒေသရာသီဥတုလိုက်၍ တစ်ပင်လျှင် တစ်ပိဿာမှ နှစ်ပိဿာခန့်အထိ ထွက်ရှိကြောင်း သိရသည်။ "ကိုဗစ်ကြောင့် အခုလက်ရှိဝဥဈေးနှုန်းက တရုတ်ပြည်က မဖွင့်တော့ အဝယ်က မရှိဘူး။ ဈေးနှုန်းကလည်းသိပ်မရှိဘူး။ အခု လက်ရှိဈေးနှုန်းက အသေးစိတ်တော့ ဈေးနှုန်းအတိအကျကို မသိနိုင်သေးဘူး"ဟု ဝဥစိုက်ပျိုးသူ ဆလိုင်းစိုးမိုးအောင်က ပြောသည်၊ အဆိုပါဒေသများက ထွက်ရှိသော ဝဥများကို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးများအထိ တင်ပို့ရောင်းချကြပြီး အချို့က တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ဝယ်လက်များနှင့် ချိတ်ဆက်၍ ရောင်းချကြကြောင်း သိရသည်။ Source: https://www.thefarmermedia.com/news/15618

## တရုတ်စီးပွားရေးလုပ်ငန်းရှင်များက အဆင့်မြင့် မြန်မာစားသောက်ကုန်များ ဝယ်ယူတင်သွင်းလို

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အသင့်ထုပ်ပိုးထားသော အဆင့်မြင့်မြန်မာစားသောက်ကုန်များ ဝယ်ယူတင်သွင်းလိုကြောင်း တရုတ်နိုင်ငံ ဘေဂျင်းမြို့ရှိ မြန်မာသံရုံးက စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန် အသိပေးသည်။

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ရှာမန်မြို့တွင် စက်တင်ဘာ ၆ ရက်ကစတင်ပြီး ခုနစ်ရက်ကြာ ပြုလုပ်သည့် 9.8 China-Myanmar Economic Coope-ration and Development Forum အပြီးတွင်အသင့်ထုပ်ပိုးထားသော အဆင့်မြင့်မြန်မာ

စားသောက်ကုန်များကို ဝယ်ယူတင်သွင်းရန် သံရုံးကို စုံစမ်းမေးမြန်းမှု ပြုလုပ်လာသည်ဟု အသိပေး စာတွင်ဖော်ပြထားသည်။ ပြီးခဲ့သည့်ဩဂုတ်လအတွင်းကလည်းမြန်မာနိုင်ငံထုတ်မုန့်ပဲသရေစာများအပါအဝင်စားသောက်ကုန်များကိုတရုတ်ဈေးကွက်သို့ ပို့ကုန်အမည်သစ်များအဖြစ် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရန် တရုတ်စီးပွားရေးသမားများနှင့် ချိတ်ဆက်ဆောင်ရွက်ထားကြောင်း ဘေဂျင်းမြို့ရှိ မြန်မာသံရုံးက သတင်းထုတ်ပြန် သည်။

မြန်မာနိုင်ငံထုတ် ထန်းလျက်၊ မြေပဲယိုကဲ့သို့ သရေစာများ၊ ယိုမျိုးစုံ၊ ဘီစကစ်အမျိုးမျိုးအပါအဝင် ကြာရှည်ခံ အစားအစာများ၊ ကော်ဖီစေ့၊ ကော်ဖီမှုန့်အပါအဝင် အသင့်ဖျော်သောက်သုံးစရာများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အဖျော်ယမကာများကို တရုတ်နိုင်ငံရှိ လက်လီဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဟုဆိုသည်။ မြန်မာနိုင်ငံမှထုတ်လုပ်သော စားသောက်ကုန်များကို ဘေဂျင်း၊ ဆန်းယ၊ ချန်ဒူး၊ ထရန် ကျင်း၊ ကူမင်း၊ ကျန်းရှ၊ ကျန်းကျိုး၊ ရှန်ဟိုင်း၊ လေ့ရှန်နှင့် ချင်းတောင်၊ ဝေးဟိုင်မြို့တို့တွင် အခမဲ့ မိတ်ဆက်ပြပွဲများ ခင်းကျင်း ပြသရန်စီစဉ်ထားသည်ဟု သံရုံးထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ COVID-19 ကပ်ရောဂါဖြစ်ပွား နေခြင်းကြောင့် အချိန်စောင့်ဆိုင်း နေခြင်းဖြစ်ပြီး ကပ်ရောဂါထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင် မြန်မာစားသောက် ကုန်များကို တရုတ်နိုင်ငံတွင် မိတ် ဆက်ပြသရန် ဘေဂျင်းမြို့ရှိ မြန်မာသံရုံးက စီစဉ်ထားသည်။

လက်ရှိတရုတ်ဈေးကွက်တွင် ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံမှ အသင့်ထုပ်ပိုးစားသောက်ကုန်များ နေရာယူထားသည်။ ထိုနိုင်ငံများက နှစ်စဉ် ဒေါ်လာ ဘီလီယံချီတန်ဖိုးရှိသော အသင့်စားထုတ်ကုန်များတင်ပို့နေပြီး ဥရောပ၊ အမေရိကန်၊ တောင်အမေရိကနှင့် ကနေဒါနိုင်ငံတို့မှ စားသောက်ကုန်များလည်းပါဝင်သည်။ မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ လက်ရှိတွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ သစ်သီးဝလံအချို့၊ ရေထွက်ကုန်အချို့နှင့် သယံဇာတကုန်ကြမ်းပစ္စည်းများ တင်ပို့နေသည်။ မြန်မာပို့ကုန်ကဏ္ဍတွင် အရေးပါသော တရုတ်ဈေးကွက်ကို ပြည်တွင်းထုတ်စားသောက် ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် နိုင်ငံခြားသံရုံးများ၊ စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်သစ်များရှာဖွေနေကြောင်း စီးပွားကူး သန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြော သည်။

တရုတ်ဈေးကွက်သို့မြန်မာစားသောက်ကုန်များတင်ပို့ရန်ပါကင်ထုပ်ပိုးမှုပုံစံသာမကစားသောက်ကုန်၏အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးကို စနစ်တကျစစ်ဆေးမှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးရဲမြင့်မောင်က ပြောသည်။

Source: https://7day.news/detail?id=200454

## Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီစေ့များ ပြင်သစ်နိုင်ငံသို့ တင်ပို့

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်က ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယမန်နေ့တွင် ကော်ဖီစေ့တန်ချိန် ၂၀ ဒသမ ၁ တန်အား ပြင်သစ်နိုင်ငံသို့ ဒုတိယအကြိမ် ထပ်မံပို့ဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ် ရေးသမဝါယမအသင်းက ၂၀၂၀ ပြည့်နှစ်အတွင်း ကော်ဖီစေ့တန်ချိန် ၉၆ တန် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ကော်ဖီစေ့တန်ချိန် ၃၉ ဒသမ ၃ တန်အား ပို့ဆောင်ပြီးဖြစ်ကြောင်း သိရသည်။ Source: https://www.facebook.com/TheMirrorDaily

# အထူးဆောင်းပါးများ

## တရုတ်ကုမ္ပဏီများ မျက်စိကျလာသည့် ထားဝယ်အထူးစီးပွားရေးဇုန်

ဆယ်စုနှစ်တစ်ခုကျော်အထိ စွန့်ပစ်ခံစီမံကိန်းတစ်ခုအဖြစ်တည်ရှိနေသည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် ရေနံ၊ စွမ်းအင်စသည့်စီမံကိန်းများဖြင့် ပြန်လည်စတင်ရန် အားယူလာသည်။ထိုစီမံကိန်းကို စိတ်ဝင်စားလာသည်က တရုတ်ကုမ္ပဏီများ အဓိကဖြစ်လာသည်။ ထိုင်းနိုင်ငံနှင့် အကောင်အထည်ဖော်ရန်စတင်ခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို

မြန်မာအစိုးရက ဂျပန်နိုင်ငံနှင့် ဆက်လက်အကောင်အထည်ဖော်ရန်ကြိုးစားနေသော်လည်း တရုတ်ရေနံနှင့် စွမ်းအင်ကုမ္ပဏီများက လက်ဦးမှုယူလာသည်ကို တွေ့ရသည်။

